## D အခြားအကြောင်းကြားခြင်းများ

D အခြားအကြောင်းကြားခြင်းများထိပ်ဆုံးသို့

### 3 နိုင်ငံသားပြောင်းလဲခံယူခြင်း

ဂျပန်နိုင်ငံသားပြောင်းလဲခံယူခြင်းနှင့် ရာသက်ပန်နေထိုင်ခွင့်တို့ ခြားနားချက်မှာ နိုင်ငံသားပြောင်းလဲခံယူခြင်းဆိုရာ၌ ဂျပန်နိုင်ငံသားအဖြစ် ရယူပိုင်ဆိုင်ခြင်း ဖြစ်သည်။ တခြားနိုင်ငံသားက ဂျပန်နိုင်ငံသားအဖြစ် ရယူပိုင်ဆိုင်ရန်အတွက် နိုင်ငံသားပြောင်းလဲခံယူခြင်းကိုလျှောက်ထားရန် လိုအပ်ပါသည်။ ဂျပန်နိုင်ငံတွင် နိုင်ငံသားနှစ်ခု ကိုင်ဆိုင်ခြင်းကို အသိအမှတ်မပြုသောကြောင့် မိခင်နိုင်ငံ၏နိုင်ငံသားကို စွန့်လွှတ်ရပါမည်။ ၎င်းအတွက် တရားရေးဝန်ကြီး၏ ခွင့်ပြုချက်ကို ရယူရမည်ဖြစ်သောကြောင့် ဂျပန်နိုင်ငံသားနှင့်လက်ထပ်ခြင်း၊ ဂျပန်နိုင်ငံသား၏ မွေးစားသားသမီးဖြစ်ခြင်း တို့ကြောင့် အလိုအလျောက် ဂျပန်နိုင်ငံသားအဖြစ်သို့ ပြောင်းလဲသွားမည်မဟုတ်ပေ။

နိုင်ငံသားပြောင်းလဲခံယူလျှောက်ထားခြင်းကို ဒေသအသီးသီးရှိ တရားရေးဌာန၌ လုပ်ဆောင်ရပါမည်။ အသိအမှတ်ပြုခြင်း ခံရလျှင် နေထိုင်ခွင့်သတ်မှတ်ချက် မရှိတော့ဘဲ ဂျပန်သန်းခေါင်စာရင်းတွင်ဝင်ပြီး ဆန္ဒမဲထည့်ပိုင်ခွင့် စသည့်အခွင့်အရေးကို ရရှိမှာဖြစ်သည်။ ထို့နောက် ဂျပန်နိုင်ငံသားအဖြစ် အခွန်ဆောင်ခြင်း၊ အလုပ်လုပ်ကိုင်ခြင်း စသည့်တာဝန်များကို ထမ်းဆောင်ရပါမည်။ အသေးစိပ်ကို နီးစပ်ရာ ဒေသဆိုင်ရာတရားရေးဌာနသို့ မေးမြန်းပါ။ အခကြေးငွေ→ အခမဲ့